ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ၂၀၁၂ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေ

# အရအသုံးဆိုင်ရာဥပဒေ

# ၂၀၁၂ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေ

## ( ၂၀၁၂ ခုနှစ်၊ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၆ ။ )

၁၃၇၃ ခုနှစ်၊ တန်ခူးလဆန်း ၆ ရက်
( ၂၀၁၂ ခုနှစ်၊ မတ်လ ၂၈ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အပိုင်း ၁

### အမည်နှင့်စတင်အကျိုးသက်ရောက်သည့်နေ့ရက်

၁။ (က) ဤဥပဒေကို ၂၀၁၂ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွက် ၂၀၁၂ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင် အကျိုးသက်ရောက်စေရမည်။

# အပိုင်း ၂

## နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ လွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ

### အခန်း(၁)

### ရငွေများနှင့်သုံးငွေများ

၂။ နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ လွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများသည် ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေ အစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ကြရမည်။ ထိုသို့ဆောင်ရွက်၍ ရသောရငွေများကို ပြည်ထောင်စု၏ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်း၍ ထုတ်ပေးရန်ရှိသော သုံးငွေများကို ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၃။ (က) နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ လွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စု စာရင်းစစ်ချုပ်၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်၊ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး၊ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ၏ရငွေနှင့်သုံးငွေအတွက်တာဝန်ပေးအပ်ခြင်း ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား(၁)၊ (၂)၊ (၃) နှင့် (၄) တို့တွင် မိမိနှင့် ယှဉ်တွဲဖော်ပြ ထားသည့် ရငွေတို့ကို စီမံကြီးကြပ် ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်း ပြုရမည်။

(ခ) ပုဒ်မခွဲ(က)ပါ တာဝန်ခံရသည့်ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက် စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊စည်းကမ်းများ၊အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

(ဃ) ဇယား(၁)နှင့်(၃)တို့တွင် ဖော်ပြလျာထားသော ရငွေများ အနက် ပြည်ပအကူအညီရငွေ၊ ချေးယူရငွေတို့သည် လျာထားသည်ထက် ပိုမိုရရှိလျှင် ယင်းသို့ ပိုမိုရရှိသောငွေ များဖြင့် ဆက်နွှယ်ထားသည့် လုပ်ငန်း အသုံးစရိတ်များ ကြောင့် ဇယား(၂) နှင့် (၄)တို့တွင် ဖော်ပြခွင့်ပြုထားသော သုံးငွေများထက် ပိုမိုသုံးစွဲရန် လိုအပ်ပါက ပြည်ထောင်စု အစိုးရအဖွဲ့က စိစစ်သုံးသပ်၍ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ခွင့်ပြုနိုင်သည်။ သို့ရာတွင် ယင်းသို့ ချေးယူသုံးစွဲသည့်ငွေသည် ပုဒ်မ ၁၁ တွင် သတ်မှတ်ထားသည့် ငွေထက် မပိုစေရ။

၄။ (က) နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ လွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စု စာရင်းစစ်ချုပ်၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်၊ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများသည် ရငွေများကို စီမံကြီးကြပ်ကောက်ခံ ရာတွင် ဤဥပဒေအရ လျာထားသော ရငွေတို့ထက် တိုး၍ ဖြစ်စေ၊ လျော့၍ဖြစ်စေရသော ရငွေများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသော ၂၀၁၂–၂၀၁၃ ခုနှစ် အတွက်ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင်ထည့်သွင်း ဖော်ပြရမည်။ အခွန်ဆိုင်ရာဥပဒေများနှင့်အညီ ရသင့် ရထိုက်သော အခွန်ငွေများ အပြည့်အဝ ရရှိစေရမည်။

(ခ) နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ လွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စု စာရင်းစစ်ချုပ်၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်၊ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများသည်သုံးငွေများကိုစီမံခန့်ခွဲရာတွင် ဤဥပဒေအရ ခွင့်ပြုထားသော သုံးငွေများအတွင်း ငွေစာရင်းခေါင်းစဉ် လွှဲပြောင်းသုံးစွဲသည့် အသုံးစရိတ်များနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ပုဒ်မ ၃ ပုဒ်မခွဲ(ဃ)အရ ပြည်ထောင်စု အစိုးရအဖွဲ့၏ခွင့်ပြုချက်ဖြင့် သုံးစွဲသည့် အသုံးစရိတ်များနှင့် စပ်လျဉ်း၍လည်းကောင်း ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသော ၂၀၁၂–၂၀၁၃ ခုနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေ ငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

(ဂ) ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤဥပဒေ၏ ပုဒ်မ ၃ ပုဒ်မခွဲ(ဃ)အရ ပိုမိုသုံးစွဲရန် ခွင့်ပြုသည့် ကိစ္စရပ်များကို ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်းဖော်ပြချက်များနှင့်အတူ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြအတည်ပြုချက် ရယူ ရမည်။

၅။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဘဏ္ဍာရေးကော်မရှင်နှင့် ညှိနှိုင်းရရှိသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၏ အရအသုံးခန့်မှန်းခြေ ငွေစာရင်းများအရ လိုအပ်သည့်ငွေကို ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေမှ သင့်တင့်လျောက်ပတ်စွာ ဖြည့်ဆည်းပေးခြင်း၊ အထူးကိစ္စတစ်ရပ်အနေဖြင့်ထောက်ပံ့ခြင်း၊ လိုအပ်သည့် ချေးငွေများ ထုတ်ချေးခြင်းတို့ကို ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ခွင့်ပြုနိုင်သည်။

## အခန်း (၂)

## သီးသန့်ရန်ပုံငွေ

၆။ (က) နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ လွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စု စာရင်းစစ်ချုပ်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများသည်ဇယား(၄) စာတိုင် (၄) တွင် ဖော်ပြထားသော သီးသန့်ရန်ပုံငွေမှ ကျခံသုံးစွဲခြင်းကို အောက်ပါစည်းကမ်းချက်များနှင့်အညီသာလျှင် ဆောင်ရွက်ခွင့်ရှိသည်–

(၁) ကြိုတင်မမျှော်မှန်းနိုင်သော သဘာဝဘေးအန္တရာယ်များအတွက် အသုံးစရိတ်ဖြစ်ခြင်း၊

(၂) ဘဏ္ဍာရေးနှစ်အတွင်း မသုံးစွဲလျှင်မဖြစ်သည့် အထူးကိစ္စရပ်ဖြစ်ခြင်း၊

(၃) တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊စည်းကမ်းများအရ ခေါင်းစဉ်လွှဲပြောင်းကျခံရန် မဖြစ်နိုင်ခြင်း သို့မဟုတ် ခေါင်းစဉ်လွှဲပြောင်းကျခံရန်အတွက် ရန်ပုံငွေမရှိခြင်း။

(ခ) သီးသန့်ရန်ပုံငွေမှ ကျခံသုံးစွဲခြင်းကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်အရသာ ခွင့်ပြုရမည်။

(ဂ) ပြည်ထောင်စုအစိုးရအဖွဲ့သည် သီးသန့်ရန်ပုံငွေမှ ကျခံသုံးစွဲသည့် ကိစ္စရပ်များကို ကိစ္စတစ်ရပ်ချင်း ကျိုးကြောင်းဖော်ပြချက်များနှင့်အတူ အနီးကပ်ဆုံး ကျင်းပသော ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့ တင်ပြရမည်။

## အခန်း(၃)

## ငွေချေးယူခြင်း

၇။ ပြည်ထောင်စုအစိုးရအဖွဲ့သည် လုပ်ငန်းစီမံချက်များအတွက်ဖြစ်စေ၊ ပြည်ထောင်စု၏ ရသုံးခန့်မှန်းခြေငွေစာရင်းပါအသုံးစရိတ် အတွက်ဖြစ်စေ ပြည်ထောင်စုက တာဝန်ယူသည့် ငွေချေးစာချုပ်များ သို့မဟုတ် အာမခံ စာချုပ်များ ထုတ်ပေးခြင်းဖြင့်လည်းကောင်း၊ အခြားနည်းဖြင့်လည်းကောင်း ပြည်တွင်းမှဖြစ်စေ၊ ပြည်ပမှဖြစ်စေ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ငွေချေးယူနိုင်သည်။ ထိုသို့ချေးငွေရယူသည့်အခါ သင့်သည်ထင်မြင်သည့် အတိုးနှုန်းများသတ်မှတ်၍ ပေးနိုင်သည်။ ပြန်ဆပ်ရန်၊ ပြန်ရွေးရန် သို့မဟုတ် အခြားနည်းစီမံရန် စည်းကမ်းချက်များကိုလည်း ပြုလုပ်နိုင်သည်။

၈။ ယခင်ဘဏ္ဍာရေးနှစ်အတွင်းက လိုအပ်ငွေများ ဖြည့်တင်းရန် အာမခံ စာချုပ်များ ရောင်းချခြင်းဖြင့် ရယူခဲ့သည့် ချေးငွေများနှင့် စပ်လျဉ်း၍ အချိန်ကျရောက်သောအခါ ပေးဆပ်ခြင်းကို အာမခံစာချုပ် အသစ်များဖြင့် လဲလှယ်နိုင်သည်။

၉။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် လုပ်ငန်းစီမံချက်တစ်ရပ်ရပ်အတွက် ပြည်ထောင်စုအစိုးရဌာနတစ်ခုခု အား ပြည်ပမှ ငွေချေးယူခွင့်ပြုနိုင်သည်။ ပြည်ပမှရရှိသော ချေးငွေများကို နိုင်ငံတော်နှင့်အကျိုးတူဆောင်ရွက်နေသော လုပ်ငန်းများသို့ သင့်လျော်သော စည်းကမ်းချက်များ သတ်မှတ်၍ ပြန်လည် ထုတ်ချေးခွင့် ပြုနိုင်သည်။

၁၀။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤအခန်း(၃)ပါ ကိစ္စရပ်များ အားလုံးကိုဖြစ်စေ၊ အချို့ကိုဖြစ်စေ ဆောင်ရွက်နိုင်ရန် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအား လုပ်ပိုင်ခွင့်အပ်နှင်းနိုင်သည်။

(ခ) ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် ဤအခန်း (၃) အရ ငွေချေးယူသော ကိစ္စများအတွက် နိုင်ငံတော်ကိုယ်စား အာမခံချက်ပေးနိုင်သည်။

၁၁။ ၂၀၁၂ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ ၂၀၁၃ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင် ကုန်ဆုံးသည့် ဘဏ္ဍာရေးနှစ်အတွင်း ဤအခန်း (၃) အရ ငွေချေးစာချုပ်များ ချုပ်ဆိုပြီးနောက် အမှန်တကယ် ချေးယူလက်ခံ ရရှိသည့်ငွေစုစုပေါင်းသည် ကျပ်သန်းပေါင်းနှစ်ဆယ့်ခြောက်သိန်းထက် မပိုစေရ။

## အပိုင်း ၃

## နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ

### အခန်း(၁)

### ရငွေများနှင့် သုံးငွေများ

၁၂။ (က) နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများသည် စီးပွားရေးဆန်ဆန် ဆောင်ရွက်နိုင်ရေးနှင့် မိမိတို့၏ ငွေကြေးအင်အားအပေါ် မိမိတို့ ရပ်တည်နိုင်ရေးမူနှင့်အညီ ဆောင်ရွက်ကြရာတွင် ပထမအဆင့်အနေဖြင့် ကုန်ပစ္စည်းထုတ်လုပ်မှု၊ ဆောင်ရွက်မှုနှင့်ကုန်သွယ်မှုလုပ်ငန်းများအတွက်လိုအပ်သည့် သာမန်အသုံးစရိတ်ကို မိမိတို့၏ ဘဏ္ဍာငွေအစီအစဉ်ဖြင့် ဆောင်ရွက်ကြရမည်။

(ခ) နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများသည် ပြည်ပသို့ ကြွေးမြီပြန်လည်ပေးဆပ်ရန် အသုံးစရိတ်နှင့်ငွေလုံးငွေရင်း အသုံးစရိတ်များကို ပြည်ထောင်စု၏ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် ဆောင်ရွက်ကြရမည်။

၁၃။ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ငွေအဝင်နှင့်အထွက်ကို စာရင်းပြုစုရန်အလို့ငှာ ပြည်ထောင်စု၏ဘဏ္ဍာရန်ပုံငွေစာရင်းတွင် ဖော်ပြရမည်။

၁၄။ (က) ဇယား (၅) နှင့် (၆) တို့တွင် ဖော်ပြထားသည့် ငွေများသည် နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်းများက စီမံကိန်း ရည် မှန်း ချက် များ အ ရ ထ မြောက် အောင် မြင် စွာ အကောင်အထည်ဖော်နိုင်ရန် ရည်မှန်းထားသော ငွေများ ဖြစ်သည်။

(ခ) နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့ အစည်းများ၏ ရငွေ နှင့် သုံးငွေအတွက်တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီး သည် ဇယား (၅) နှင့် (၆) တို့တွင် မိမိနှင့် ယှဉ်တွဲဖော်ပြ ထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေ တို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊စည်းကမ်းများ၊အမိန့်များ၊ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

## အခန်း(၂)

## နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများနှင့်ပတ်သက်၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ လုပ်ပိုင်ခွင့်များ

၁၅။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် စီးပွားရေးဆန်ဆန်ဆောင်ရွက် ရမည့် နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်းများအား သတ်မှတ်ပေးရမည်။

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ၏လုပ်ငန်းအရလိုအပ်လျှင် ဇယား(၅) နှင့် (၆) တို့တွင် ဖော်ပြထားသော ငွေများကို ပြည်ထောင်စု လွှတ်တော်၏ အတည်ပြုချက်ဖြင့် ပြောင်းလဲပေးနိုင်သည်။ ထိုသို့ငွေများ ပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စု လွှတ်တော်သို့ တင်ပြသော ၂၀၁၂-၂၀၁၃ ခုနှစ် အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် အကျိုးအကြောင်း ဖော်ပြချက်များနှင့်အတူ ထည့်သွင်းဖော်ပြရမည်။

(ဂ) ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်းများအား လုပ်ငန်းလုပ်ကိုင်ရန်သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန်သော်လည်းကောင်း လိုအပ်သည့်ငွေကို ထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့်ဖြစ်စေ ပြည်ထောင်စု လွှတ်တော်၏ အတည်ပြုချက်ဖြင့် ရယူဆောင်ရွက်ခြင်းပြု နိုင်သည်။

(ဃ) ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်းများက နိုင်ငံတော်သို့ ထည့်ဝင်ရမည့် ငွေကို သတ်မှတ်ပေးရမည်။

(င) ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်းများက လုပ်ငန်းလုပ်ကိုင်ရန် ဖြစ်စေ၊ ရင်းနှီး မြှုပ်နှံရန်ဖြစ်စေ လိုအပ်သောငွေများကို မြန်မာနိုင်ငံတော် ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေအရ တည်ထောင် ထားသောဘဏ်များမှ ချေးယူနိုင်ရန် ငွေပမာဏကို သတ်မှတ် ပေးနိုင်သည်။

(စ) ပုဒ်မခွဲ(င)ပါ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်း ဆိုသည့် စကားရပ်တွင် မြန်မာနိုင်ငံတော် ငွေရေးကြေးရေးအဖွဲ့ အစည်းများ ဥပဒေအရ တည်ထောင်ထားသော ဘဏ်များ မပါဝင်စေရ။

(ဆ) ပြည်ထောင်စုအစိုးရအဖွဲ့သည်ပုဒ်မခွဲ(င)ပါလုပ်ပိုင်ခွင့်များကို ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအား အပ်နှင်းနိုင်သည်။

## အခန်း(၃)

## နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ ဘဏ္ဍာရေးဆိုင်ရာ လုပ်ပိုင်ခွင့်များ

၁၆။ (က) နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများသည် ဇယား (၅) နှင့် (၆) တို့တွင် ဖော်ပြထားသော သက်ဆိုင်ရာ တာဝန်ခံ ပုဂ္ဂိုလ်၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် မိမိတို့၏ လုပ်ငန်းများကို စီမံခန့်ခွဲရမည်။

(ခ) ဇယား (၅) နှင့် (၆) တို့တွင် ဖော်ပြထားသော ငွေများကို နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်းများက မိမိတို့ လုပ်ငန်းလိုအပ်ချက်အရ ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ပြောင်းလဲ နိုင်သည်။

(ဂ) နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်းများသည် ပုဒ်မ ၁၅ ပုဒ်မခွဲ(င)အရ ငွေချေးယူလိုလျှင် ပြည်ထောင်စု အစိုးရ အဖွဲ့က သတ်မှတ်ပေးသည့်ငွေထက် မကျော်လွန်ဘဲ ချေးယူ နိုင်သည်။

## အပိုင်း ၄

## တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ

၁၇။ တပ်မြို့စည်ပင်သာယာရေးအဖွဲ့များသည် မိမိတို့၏ ဘဏ္ဍာငွေ အပေါ် ရပ်တည်၍ လုပ်ငန်းများကို မိမိတို့၏ ဘဏ္ဍာငွေအစီအစဉ်ဖြင့် ဆောင်ရွက်ကြရမည်။

၁၈။ (က) တပ်မြို့စည်ပင် သာယာရေး အဖွဲ့များ၏ ရငွေနှင့် သုံးငွေ အတွက်တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား(၇)နှင့်(၈) တို့တွင် မိမိနှင့် ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ် ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ(က)ပါတာဝန်ခံရသည့်ပုဂ္ဂိုလ်အသီးသီးသည်မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက် စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၁၉။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် တပ်မြို့စည်ပင်သာယာရေး အဖွဲ့များ၏ လုပ်ငန်းအရ လိုအပ်လျှင် ဇယား(၇)နှင့်(၈) တို့ တွင်ဖော်ပြထားသောငွေများကို ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ပြောင်းလဲပေးနိုင်သည်။ ထိုသို့ငွေများ ပြောင်းလဲခြင်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသော ၂၀၁၂–၂၀၁၃ ခုနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေ ငွေစာရင်းများတွင် အကျိုးအကြောင်း ဖော်ပြချက်များနှင့် အတူ ထည့်သွင်းဖော်ပြရမည်။

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့သည် တပ်မြို့စည်ပင်သာယာရေး အဖွဲ့များအား လုပ်ငန်းလုပ်ကိုင်ရန်သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန်သော်လည်းကောင်း လိုအပ်သည့် ငွေကို ထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့်ဖြစ်စေ၊ ပြည်ထောင်စု လွှတ်တော်၏ အတည်ပြုချက်ဖြင့် ရယူဆောင်ရွက် ခွင့်ပြုနိုင် သည်။

၂၀။ တပ်မြို့စည်ပင်သာယာရေးအဖွဲ့များသည် မိမိတို့နှင့်သက်ဆိုင်သော တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့် များ၊ ညွှန်ကြားချက်များအရ ခွင့်ပြုထားသော အခွန်အကောက်အမျိုးအစား များကိုသာ ကောက်ခံနိုင်သည်။

## အပိုင်း ၅

## နေပြည်တော်စည်ပင်သာယာရေးကော်မတီ

၂၁။ နေပြည်တော်စည်ပင်သာယာရေးကော်မတီသည် မိမိ၏ဘဏ္ဍာငွေအပေါ် ရပ်တည်၍ လုပ်ငန်းများကို မိမိ၏ ဘဏ္ဍာငွေ အစီအစဉ်ဖြင့် ဆောင်ရွက် ရာတွင် ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ရယူရမည်။

၂၂။ (က) နေပြည်တော် စည်ပင်သာယာရေးကော်မတီ၏ ရငွေနှင့် သုံးငွေအတွက်တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီး သည် ဇယား (၉) နှင့် (၁၀) တို့တွင် မိမိနှင့် ယှဉ်တွဲဖော်ပြ ထားသည့်ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေ တို့ကို စီမံခန့်ခွဲခြင်း ပြုရမည်။

(ခ) ပုဒ်မခွဲ(က)ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊လုပ်ထုံးလုပ်နည်းများနှင့်အညီဆောင်ရွက်ရမည်။

၂၃။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် နေပြည်တော် စည်ပင်သာယာရေးကော်မတီ၏ လုပ်ငန်းအရ လိုအပ်လျှင် ဇယား (၉) နှင့် (၁၀) တို့တွင် ဖော်ပြထားသော ငွေများကို ပြည်ထောင်စုလွှတ်တော်၏အတည်ပြုချက်ဖြင့် ပြောင်းလဲပေးနိုင်သည်။ ထိုသို့ငွေများ ပြောင်းလဲခြင်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်သို့တင်ပြသော ၂၀၁၂–၂၀၁၃ ခုနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေ ငွေစာရင်းများတွင် အကျိုးအကြောင်း ဖော်ပြချက်များနှင့်အတူ ထည့်သွင်းဖော်ပြရမည်။

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့သည်နေပြည်တော်စည်ပင်သာယာရေးကော်မတီအား လုပ်ငန်းလုပ်ကိုင်ရန်သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန်သော်လည်းကောင်း လိုအပ်သည့်ငွေကို ထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့်ဖြစ်စေ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ရယူဆောင်ရွက်ခွင့်ပြုနိုင်သည်။

၂၄။ နေပြည်တော်စည်ပင်သာယာရေးကော်မတီသည် မိမိနှင့် သက်ဆိုင်သောတည်ဆဲဥပဒေများ၊နည်းဥပဒေများ၊စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များအရ ခွင့်ပြုထားသော အခွန်အကောက် အမျိုးအစားများကိုသာ ကောက်ခံနိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ လွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

ဇယား(၁)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ပအကူအညီရငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင်ရင်းနှီးငွေမှရငွေ | စုဆောင်းငွေမှရငွေ |
| | | | | | | | | | ထုတ်ချေးငွေအတွက်ပြန်ရငွေ | ချေးယူရငွေ | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၁ | နိုင်ငံတော်သမ္မတ | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | | | | | | | | | | |
| ၂ | ပြည်ထောင်စုအစိုးရအဖွဲ့ | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | | | ၁၆.၀၀၀ | | ၀.၁၅၀ | | | | | |
| ၃ | လွှတ်တော် | လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် လွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးသူ | | | ၂.၀၀၀ | | | | | | | |
| ၄ | ပြည်ထောင်စုတရားလွှတ်တော်ချုပ် | ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စုတရားသူကြီးချုပ်က တာဝန်ပေးသူ | | | ၃.၆၀၀ | | | | | | | |
| ၅ | ပြည်ထောင်စုရှေ့နေချုပ် | ပြည်ထောင်စုရှေ့နေချုပ် သို့မဟုတ် ပြည်ထောင်စုရှေ့နေချုပ်ကတာဝန်ပေးသူ | | | ၁၀.၆၉၀ | | | | | | | |
| ၆ | ပြည်ထောင်စုစာရင်းစစ်ချုပ် | ပြည်ထောင်စုစာရင်းစစ်ချုပ် သို့မဟုတ် ပြည်ထောင်စုစာရင်းစစ်ချုပ်က တာဝန်ပေးသူ | | | ၁၇.၆၄၈ | | ၀.၀၀၂ | | | | | |
| ၇ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက တာဝန်ပေးသူ | | | | | | | | | | |
| ၈ | ပြည်ထောင်စုရာထူးဝန်အဖွဲ့ | ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ သို့မဟုတ် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌက တာဝန်ပေးသူ | | | ၁၇.၆၈၀ | | | | | | | |
| ၉ | နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး | နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ သို့မဟုတ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌကတာဝန်ပေးသူ | | | | | | | | | | |
| | ပေါင်း | | | | ၆၇.၆၁၈ | | ၀.၁၅၂ | | | | | |

**နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ လွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး**

ဇယား (၂)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုဆောင်းငွေ |
| | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| ၁ | နိုင်ငံတော်သမ္မတ | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | ၁၃၈၇၁.၁၂၂ | | ၇၄၇.၈၇၁ | ၄၁၉၃၇၇.၆၆၈ | | | | |
| ၂ | ပြည်ထောင်စုအစိုးရအဖွဲ့ | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | ၁၂၄၂.၂၈၇ | | | ၈၆.၆၄၉ | | | | |
| ၃ | လွှတ်တော် | လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် လွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးသူ | ၁၁၂၇၂.၅၃၉ | | | ၃၈၃၄.၀၆၀ | | | | |
| ၄ | ပြည်ထောင်စုတရားလွှတ်တော်ချုပ် | ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စုတရားသူကြီးချုပ်က တာဝန်ပေးသူ | ၈၃၂.၅၀၄ | | | ၇၉.၃၁၆ | | | | |
| ၅ | ပြည်ထောင်စုရှေ့နေချုပ် | ပြည်ထောင်စုရှေ့နေချုပ် သို့မဟုတ် ပြည်ထောင်စုရှေ့နေချုပ်က တာဝန်ပေးသူ | ၁၄၂၀.၀၉၇ | | | ၆၉.၀၈၆ | | | | |
| ၆ | ပြည်ထောင်စုစာရင်းစစ်ချုပ် | ပြည်ထောင်စုစာရင်းစစ်ချုပ် သို့မဟုတ် ပြည်ထောင်စုစာရင်းစစ်ချုပ်က တာဝန်ပေးသူ | ၁၄၇၈.၀၄၀ | | | ၇၈၂.၆၉၂ | | | | |
| ၇ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက တာဝန်ပေးသူ | ၁၅၄၈.၃၆၆ | | | ၁၆၉.၉၅၀ | | | | |
| ၈ | ပြည်ထောင်စုရာထူးဝန်အဖွဲ့ | ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ သို့မဟုတ် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌက တာဝန်ပေးသူ | ၅၁၅၀.၄၈၅ | | | ၁၅၀၄.၆၇၀ | | | | |
| ၉ | နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး | နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌ သို့မဟုတ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌကတာဝန်ပေးသူ | ၃၉၉.၈၈၃ | | | ၁၃၀.၇၅၀ | | | | |
| | ပေါင်း | | ၃၇၂၁၅.၃၂၃ | | ၇၄၇.၈၇၁ | ၄၂၆၀၃၄.၈၄၁ | | | | |

m-8\2012-2013 Law\2012 Law Union(Win)

## ပြည်ထောင်စုဝန်ကြီးဌာနများနှင့်ဦးစီးဌာနများ

ဇယား(၃)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ပအကူအညီရငွေ | ကြေးမြီ | | အဖွဲ့အစည်းများတွင်ရင်းနှီးငွေမှရငွေ | စုဆောင်းငွေမှရငွေ |
| | | | | | | | | | | ထုတ်ချေးငွေအတွက်ပြန်ရငွေ | ချေးယူရငွေ | | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၁ | | ပြည်တွင်းထွက်ကုန်နှင့်ပြည်သူပြည်သားများသုံးစွဲမှုအပေါ် တွင်ကောက်ခံသည့်အခွန်အကောက် | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | **၈၆၉၃၅၀.၉၇၈** | | | | | | | | | |
| | ၁ | ယစ်မျိုးခွန် | | ၂၂၉.၈၀၀ | | | | | | | | | |
| | ၂ | ကုန်သွယ်လုပ်ငန်းခွန် | | ၈၀၀၂၉၉.၁၃၃ | | | | | | | | | |
| | ၃ | သွင်းကုန်အတွက်လိုင်စင်ခများ | | ၇၇၀.၀၀၀ | | | | | | | | | |
| | ၄ | မြန်မာနိုင်ငံအောင်ဘာလေသိန်းဆု | | ၂၀၃၄၈.၀၄၅ | | | | | | | | | |
| | ၅ | သယ်ယူပို့ဆောင်ရေးအခွန် | | ၁၆၃၀၄.၀၀၀ | | | | | | | | | |
| | ၆ | တံဆိပ်ခေါင်းရောင်းရငွေများ | | ၃၁၄၀၀.၀၀၀ | | | | | | | | | |
| ၂ | | ဝင်ငွေနှင့်ပိုင်ဆိုင်မှုအပေါ် တွင်ကောက်ခံသည့်အခွန်အကောက် | ၄င်း | **၆၈၄၈၇၂.၃၈၂** | | | | | | | | | |
| | ၁ | ဝင်ငွေခွန် | | ၆၈၄၈၇၂.၃၈၂ | | | | | | | | | |
| ၃ | | အကောက်ခွန် | ၄င်း | **၈၅၀၀၀.၀၀၀** | | | | | | | | | |
| | ၁ | အကောက်ခွန် | | ၈၅၀၀၀.၀၀၀ | | | | | | | | | |
| ၄ | | နိုင်ငံပိုင်ပစ္စည်းများအသုံးပြုသည့်အပေါ် ကောက်ခံသည့်အခွန်အကောက် | ၄င်း | **၅၀၅၀.၉၄၂** | | | | | | | | | |
| | ၁ | မြေယာပေါ် တွင်ကောက်ခံသည့်အခွန် | | ၀.၈၄၂ | | | | | | | | | |
| | ၂ | ရေခွန်နှင့်တာတမံခွန် | | ၂၆၀၀.၇၂၇ | | | | | | | | | |
| | ၃ | သစ်တောများမှ ပစ္စည်းများထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန် | | ၁၇၂၁.၆၄၈ | | | | | | | | | |
| | ၄ | ဓါတ်သတ္တုပစ္စည်းများ ထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန် | | ၄.၂၂၅ | | | | | | | | | |
| | ၅ | အင်းအိုင်ခွန် | | ၇၂၃.၀၀၀ | | | | | | | | | |
| | ၆ | ကြက်ပေါင်စေးပေါ် တွင်ကောက်ခံသည့်အခွန် | | ၀.၅၀၀ | | | | | | | | | |
| ၅ | | ပြည်ထောင်စု၏စီးပွားရေးအဖွဲ့အစည်းများမှရငွေ | ၄င်း | | ၈၄၂၅၆၀.၈၁၈ | | | | | | | | |

## ပြည်ထောင်စုဝန်ကြီးဌာနများနှင့်ဦးစီးဌာနများ

ဇယား(၃)။ ။ အဆုံး
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | ကြေးမြီ | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ပအကူအညီရငွေ | ထုတ်ချေးငွေအတွက်ပြန်ရငွေ | ချေးယူရငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေမှရငွေ | စုဆောင်းငွေမှရငွေ |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၆ | ပြည်ထဲရေး | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | | | ၃၆၃၇.၅၀၅ | | | | | | | |
| ၇ | ကာကွယ်ရေး | ၎င်း | | | ၇၅၆၁၉.၀၈၄ | | | | | | | |
| ၈ | နယ်စပ်ရေးရာ | ၎င်း | | | ၄၅.၃၄၀ | | | | | | | |
| ၉ | မြန်မာ့စက်မှုဖွံ့ဖြိုးရေး | ၎င်း | | | | | | | | | | |
| ၁၀ | နိုင်ငံခြားရေး | ၎င်း | | | ၇၉၃.၉၄၅ | | | | | | | |
| ၁၁ | ပြန်ကြားရေး | ၎င်း | | | ၃၅၂၀.၀၃၀ | | ၂၁၆၆.၆၆၀ | | | | | |
| ၁၂ | ယဉ်ကျေးမှု | ၎င်း | | | ၁၂၈၅.၀၄၀ | | ၂၀၀၀.၃၀၀ | | | | | |
| ၁၃ | လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း | ၎င်း | | | ၂၇၃၆၅.၆၉၁ | | ၂၀၃.၀၀၀ | | | ၁၁၂၇၄.၃၄၈ | | |
| ၁၄ | သာသနာရေး | ၎င်း | | | ၅၂.၃၇၀ | | | | | | | |
| ၁၅ | သမဝါယမ | ၎င်း | | | ၂၃၀.၇၅၄ | | | | | | | |
| ၁၆ | မွေးမြူရေးနှင့်ရေလုပ်ငန်း | ၎င်း | | | ၁၀၈၉.၆၆၉ | | | | | | | |
| ၁၇ | စက်မှု | ၎င်း | | | ၃၉၂၇.၃၅၃ | | | | | | | |
| ၁၈ | သမ္မတရုံး | ၎င်း | | | | | | | | | | |
| ၁၉ | ရထားပို့ဆောင်ရေး | ၎င်း | | | ၃၈၈၀.၀၀၀ | | | | | | | |
| ၂၀ | သတ္တုတွင်း | ၎င်း | | | ၁၀၁၆.၆၀၀ | | ၀.၂၀၀ | | | | | |
| ၂၁ | ဆောက်လုပ်ရေး | ၎င်း | | | ၁၅၅၃၄.၄၂၂ | | ၁၀၀.၀၀၀ | | | | | |
| ၂၂ | ဘဏ္ဍာရေးနှင့်အခွန် | ၎င်း | | | ၁၀၀၄၂.၉၀၃ | ၁၂၅၆.၉၅၀ | | | ၄၂၇၆.၇၁၆ | | | |
| ၂၃ | အမှတ်(၁)လျှပ်စစ်စွမ်းအား | ၎င်း | | | ၆၀.၁၀၀ | ၁၃၀၀.၁၈၃ | | | | ၇၃၆၈၇.၉၉၀ | | |
| ၂၄ | အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု | ၎င်း | | | ၃၀၉၆.၉၁၈ | | ၂၅၀.၄၀၀ | | | | | |
| ၂၅ | အလုပ်သမား | ၎င်း | | | ၅၀.၀၈၇ | | | | | | | |
| ၂၆ | လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး | ၎င်း | | | ၆၆.၃၅၇ | | | | | | | |
| ၂၇ | ပို့ဆောင်ရေး | ၎င်း | | | ၆၂၈၃၁.၂၈၉ | | | | | ၁၈၉၈၉.၆၀၀ | | |
| ၂၈ | ဆက်သွယ်ရေး၊စာတိုက်နှင့်ကြေးနန်း | ၎င်း | | | ၂၀၀.၅၂၅ | | | | | | | |
| ၂၉ | စွမ်းအင် | ၎င်း | | | ၀.၀၅၀ | | | | | | | |
| ၃၀ | လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား | ၎င်း | | | ၅၈၈၁.၆၉၆ | | | | | | | |
| ၃၁ | သိပ္ပံနှင့်နည်းပညာ | ၎င်း | | | ၂၉၅.၅၅၂ | | ၅.၀၀၀ | ၉၀.၀၀၀ | | | | |
| ၃၂ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာ | ၎င်း | | | ၃၁၅.၂၄၅ | | | ၆၀၅.၄၆၄ | | | ၂၂.၅၀၀ | |
| ၃၃ | အမှတ်(၂)လျှပ်စစ်စွမ်းအား | ၎င်း | | | | | | | | | | |
| ၃၄ | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး | ၎င်း | | | ၂၈၁၉.၄၉၂ | | ၅၀၀၀.၀၀၀ | | | | | |
| ၃၅ | ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း | ၎င်း | | | ၄၀၆၂.၄၂၀ | | | | | | | |
| ၃၆ | အားကစား | ၎င်း | | | ၂၈.၅၂၅ | | ၀.၂၀၀ | ၅.၀၀၀ | | | | |
| ၃၇ | ပညာရေး | ၎င်း | | | ၁၀၉၄၄.၃၄၁ | | | ၂၈၆၉.၇၂၁ | | | | |
| ၃၈ | ကျန်းမာရေး | ၎င်း | | | ၁၁၀၇၃.၆၈၂ | | ၂.၅၀၀ | ၁၂၀၃၆.၈၂၁ | | | | |
| ၃၉ | ပင်စင်လစာငွေများနှင့်ဆုငွေများ | ၎င်း | | | ၅.၀၄၀ | | | | | | | |
| | ပေါင်း | | ၁၆၄၄၂၇၄.၃၀၂ | ၈၄၂၅၆၀.၈၃၈ | ၂၄၉၇၇၂.၀၂၅ | ၂၅၅၇.၁၃၃ | ၉၇၂၈.၂၆၀ | ၁၅၆၀၇.၀၀၆ | ၄၂၇၆.၇၁၆ | ၁၀၃၉၅၁.၉၃၈ | ၂၂.၅၀၀ | |

# ပြည်ထောင်စုဝန်ကြီးဌာနများနှင့်ဦးစီးဌာနများ

ဇယား(၄)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ - သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ - ထုတ်ချေးငွေ | ကြွေးမြီ - ချေးယူရငွေအတွက်ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | စုဆောင်းငွေ |
|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| ၁ | ပြည်ထဲရေး | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | ၉၆၇၇၉.၄၅၁ | | ၁၆.၁၆၈ | ၅၄၀၀၂.၇၁၇ | | | | |
| ၂ | ကာကွယ်ရေး | ၎င်း | ၈၆၅၄၆၂.၈၂၈ | | | ၁၁၁၁၉၄၈.၉၆၆ | | | | |
| ၃ | နယ်စပ်ရေးရာ | ၎င်း | ၁၀၁၁၇.၅၉၁ | ၉၅.၉၃၁ | ၅၅၇၉.၁၁၁ | ၆၁၁၄၆.၉၇၈ | | ၆၆၁.၅၀၃ | | |
| ၄ | မြန်မာ့စက်မှုဖွံ့ဖြိုးရေး | ၎င်း | | | | | | | | |
| ၅ | နိုင်ငံခြားရေး | ၎င်း | ၂၄၇၀၁.၆၅၉ | | ၄၂၆၈.၆၂၀ | ၁၂၀၂၇.၃၉၃ | | | | |
| ၆ | ပြန်ကြားရေး | ၎င်း | ၁၁၄၉၅.၁၅၁ | | | ၂၁၄၂၈.၆၄၈ | | | | |
| ၇ | ယဉ်ကျေးမှု | ၎င်း | ၃၅၀၅.၁၀၀ | | ၀.၃၂၀ | ၂၆၂၉.၇၁၅ | | | | |
| ၈ | လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း | ၎င်း | ၁၇၅၄၉၂.၂၀၂ | ၁၁၉၀.၂၀၆ | ၁၁၁.၁၃၄ | ၁၉၃၉၁၇.၄၅၆ | | ၃၉၃၂.၇၁၆ | | |
| ၉ | သာသနာရေး | ၎င်း | ၅၅၉၇.၉၂၃ | | ၃၈၀.၁၅၀ | ၄၂၂.၂၅၃ | | | | |
| ၁၀ | သမဝါယမ | ၎င်း | ၁၁၂၉.၅၆၇ | | | ၁၂၁.၀၇၂ | | | ၁၉၇၁.၁၈၇ | |
| ၁၁ | မွေးမြူရေးနှင့်ရေလုပ်ငန်း | ၎င်း | ၄၁၇၂.၂၈၇ | | ၈၂.၇၁၅ | ၅၈၆.၅၄၇ | | | | |
| ၁၂ | စက်မှု | ၎င်း | ၅၂၅၅.၆၆၆ | | | ၁၇၀.၇၂၀ | | | | |
| ၁၃ | သမ္မတရုံး | ၎င်း | | | | | | | | |
| ၁၄ | ရထားပို့ဆောင်ရေး | ၎င်း | ၃၅၉၆.၉၉၅ | | | ၁၄၀၄.၉၃၀ | | | | |
| ၁၅ | သတ္တုတွင်း | ၎င်း | ၂၅၀၁.၆၃၄ | | | ၃၆၂.၇၄၀ | | | | |
| ၁၆ | ဆောက်လုပ်ရေး | ၎င်း | ၁၁၆၇၁၉.၃၁၉ | | | ၂၄၃၆၄၁.၆၁၅ | | | | |
| ၁၇ | ဘဏ္ဍာရေးနှင့်အခွန် | ၎င်း | ၁၄၇၄၀.၄၅၆ | ၅၈၉၇၅၅.၃၈၉ | ၈၃၀၃၉.၃၅၄ | ၁၁၆၈.၅၅၂ | | ၁၉၅၉၅.၉၆၈ | ၁၁၉၁.၅၂၃ | ၀.၁၀၀ |
| ၁၈ | အမှတ်(၁)လျှပ်စစ်စွမ်းအား | ၎င်း | ၁၄၇၁၁.၃၇၂ | ၇၂၉၀.၅၄၀ | | ၁၉၀၇၉၄.၈၄၉ | ၅၃၁၆၄.၈၀၀ | ၁၂၁၉၈.၀၉၈ | | |
| ၁၉ | အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုး တိုးတက်မှု | ၎င်း | ၁၀၀၅၉.၁၄၁ | | ၃၈.၇၅၈ | ၂၆၁၈၄.၂၃၈ | | | | |
| ၂၀ | အလုပ်သမား | ၎င်း | ၂၄၄၆.၈၀၀ | | ၂၀.၄၇၇ | ၁၉၁.၃၁၃ | | | | |
| ၂၁ | လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည် နေရာချထားရေး | ၎င်း | ၁၁၃၅၈.၅၁၀ | ၄.၄၈၈ | ၅၄၇.၈၃၀ | ၇၇၀၆.၂၅၉ | | ၂၇.၈၈၄ | | |
| ၂၂ | ပို့ဆောင်ရေး | ၎င်း | ၈၅၁၉.၆၂၃ | ၉၀၈.၈၀၀ | ၁၁၂.၄၀၀ | ၁၉၅၆၈.၈၆၄ | | | | |
| ၂၃ | ဆက်သွယ်ရေး၊စာတိုက်နှင့်ကြေးနန်း | ၎င်း | ၂၅၅.၄၃၅ | | ၁၀၁.၆၈၃ | ၃၇၁.၁၆၁ | | | | |
| ၂၄ | စွမ်းအင် | ၎င်း | ၃၀၈.၆၅၂ | | | ၀.၉၀၀ | | | | |
| ၂၅ | လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား | ၎င်း | ၉၈၇၉.၁၃၄ | | | ၁၀၈၄.၃၉၂ | | | | |
| ၂၆ | သိပ္ပံနှင့်နည်းပညာ | ၎င်း | ၉၇၅၇.၁၄၃ | | ၁၂၀.၅၃၃ | ၁၂၀၀၃.၀၈၆ | | | | |
| ၂၇ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ | ၎င်း | ၉၁၃၂.၄၂၇ | | ၁၈၀.၁၃၀ | ၃၂၄၁.၃၉၃ | | | | |
| ၂၈ | အမှတ်(၂)လျှပ်စစ်စွမ်းအား | ၎င်း | ၃၁၀.၇၈၀ | | | ၂၉.၄၀၂ | | | | |
| ၂၉ | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး | ၎င်း | ၃၃၈၃.၁၄၇ | | ၄၆.၉၇၀ | ၁၂၀၁.၂၁၅ | | | | |
| ၃၀ | ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း | ၎င်း | ၄၅၃.၅၉၂ | | ၃၆.၀၀၀ | ၄၀.၄၀၉ | | | | |
| ၃၁ | အားကစား | ၎င်း | ၆၅၇၀.၆၅၇ | | ၉၃.၆၀၀ | ၃၀၆၆၉၇.၅၀၃ | | | | |
| ၃၂ | ပညာရေး | ၎င်း | ၅၄၂၉၅၂.၀၄၈ | | ၆၄.၉၅၁ | ၂၀၉၀၄၉.၅၉၁ | | | | |
| ၃၃ | ကျန်းမာရေး | ၎င်း | ၁၇၆၉၃၅.၀၈၃ | | ၁၇၂၆.၉၃၀ | ၂၁၃၅၃၅.၂၈၂ | | | | |
| ၃၄ | ပင်စင်လစာငွေများနှင့်ဆုငွေများ | ၎င်း | ၂၅၃၉၀၄.၀၇၇ | | | | | | | |
| ၃၅ | ဆုငွေများနှင့်တစ်လုံးတည်းပင်စင်ငွေများ | ၎င်း | ၂၇၀၆၀.၅၀၀ | | | | | | | |

## ပြည်ထောင်စုဝန်ကြီးဌာနများနှင့်ဦးစီးဌာနများ

ဇယား(၄)။ ။အဆုံး

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုဆောင်းငွေ |
| | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| ၃၆ | သီးသန့်ရန်ပုံငွေ | ဤရန်ပုံငွေမှ ထုတ်ယူသုံးစွဲခွင့်ရှိသော ဇယား (၁)၊ (၂) နှင့် (၃) တို့တွင် ဖော်ပြထားသော တာဝန်ခံ သို့မဟုတ် အဆိုပါပုဂ္ဂိုလ်ကတာဝန်ပေးသူ | ၁၀၀၀၀၀.၀၀၀ | | | | | | | |
| ၃၇ | ကချင်ပြည်နယ်အစိုးရအဖွဲ့သို့ထောက်ပံ့ငွေ/ ချေးငွေ | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော် သမ္မတက တာဝန်ပေးသူ | | | ၁၈၇၉၂.၅၅၇ | | ၁၆၄.၆၄၀ | | | |
| ၃၈ | ကယားပြည်နယ်အစိုးရအဖွဲ့သို့ထောက်ပံ့ငွေ/ ချေးငွေ | ၎င်း | | | ၄၄၃၅.၁၈၆ | | ၃၈၀.၉၇၁ | | | |
| ၃၉ | ကရင်ပြည်နယ်အစိုးရအဖွဲ့သို့ထောက်ပံ့ငွေ/ ချေးငွေ | ၎င်း | | | ၄၄၃၅.၉၂၄ | | ၆၁၈၉.၂၁၇ | | | |
| ၄၀ | ချင်းပြည်နယ်အစိုးရအဖွဲ့သို့ထောက်ပံ့ငွေ/ ချေးငွေ | ၎င်း | | | ၈၂၃၂.၂၈၃ | | ၉၇၉.၃၂၇ | | | |
| ၄၁ | စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ထောက်ပံ့ငွေ/ချေးငွေ | ၎င်း | | | ၂၅၃၃၇.၀၉၉ | | | | | |
| ၄၂ | တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ထောက်ပံ့ငွေ/ချေးငွေ | ၎င်း | | | ၁၃၇၈၀.၃၅၀ | | ၆၈.၄၉၂ | | | |
| ၄၃ | ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ထောက်ပံ့ငွေ/ချေးငွေ | ၎င်း | | | ၁၆၁၇၅.၄၉၅ | | ၆၉၃.၅၃၇ | | | |
| ၄၄ | မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ထောက်ပံ့ငွေ/ချေးငွေ | ၎င်း | | | ၄၉၁၃၆.၆၃၄ | | ၁၀၃.၈၀၇ | | | |
| ၄၅ | မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ထောက်ပံ့ငွေ/ချေးငွေ | ၎င်း | | | ၂၀၄၉၆.၃၃၇ | | ၂၄၄၀.၄၆၇ | | | |
| ၄၆ | မွန်ပြည်နယ်အစိုးရအဖွဲ့သို့ထောက်ပံ့ငွေ/ ချေးငွေ | ၎င်း | | | ၈၃၃၉.၁၃၉ | | ၄၂၃၉.၇၃၂ | | | |
| ၄၇ | ရခိုင်ပြည်နယ်အစိုးရအဖွဲ့သို့ထောက်ပံ့ငွေ/ ချေးငွေ | ၎င်း | | | ၄၁၀၆၃.၈၉၉ | | | | | |
| ၄၈ | ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ထောက်ပံ့ငွေ/ချေးငွေ | ၎င်း | | | ၁၄၆၃၈.၃၃၀ | | ၂၅၀၈၈.၅၆၀ | | | |
| ၄၉ | ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ထောက်ပံ့ငွေ/ ချေးငွေ | ၎င်း | | | ၄၈၃၅၂.၀၅၉ | | ၂၈၈.၆၃၇ | | | |
| ၅၀ | ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ထောက်ပံ့ငွေ/ချေးငွေ | ၎င်း | | | ၄၀၈၀၈.၅၄၁ | | | | | |
| | ပေါင်း | | ၂၅၂၉၂၆၅.၉၇၀ | ၅၉၉၂၄၅.၃၅၄ | ၄၁၀၇၉၁.၆၆၇ | ၂၆၉၆၆၈၀.၁၅၉ | ၉၃၈၀၂.၁၈၇ | ၃၆၄၁၆.၁၆၉ | ၃၁၆၂.၇၁၀ | ၀.၁၀၀ |

## နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့ အစည်းများ

ဇယား(၅)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများမှရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ပအကူအညီ ရငွေ | ကြွေးမြီ | | အဖွဲ့ အစည်းများတွင် ရင်းနှီးငွေမှရငွေ | စုဆောင်းငွေမှ ရငွေ |
| | | | | | | | | | ထုတ်ချေးငွေ အတွက်ပြန်ရငွေ | ချေးယူရငွေ | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၁ | ပြန်ကြားရေးဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့ အစည်းများ | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | | | ၂၃၄၀၆.၇၉၂ | | ၃၀.၀၀၀ | | | | | |
| ၂ | လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့ အစည်းများ | ၎င်း | | | ၄၁၂၀၀.၀၀၀ | | | | | | | |
| ၃ | သမဝါယမဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့ အစည်းများ | ၎င်း | | | ၂၄၀.၀၀၀ | | | | | | | |
| ၄ | မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့ အစည်းများ | ၎င်း | | | ၃၆၃၆၁.၁၂၀ | | | | | | | |
| ၅ | စက်မှုဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့ အစည်းများ | ၎င်း | | | ၂၅၇၉၃၇.၇၄၆ | | ၁၀၄၀၀.၀၀၀ | | | ၃၄၉၄၄.၇၇၄ | | |
| ၆ | ရထားပို့ဆောင်ရေးဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့ အစည်းများ | ၎င်း | | | ၁၀၂၄၃၁.၃၉၉ | | ၁.၀၀၀ | | | ၈၂၆၅၂.၆၉၄ | | |
| ၇ | သတ္တုတွင်းဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့ အစည်းများ | ၎င်း | | | ၂၈၃၅၃၇.၄၉၈ | | | | | | | |
| ၈ | ဆောက်လုပ်ရေးဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့ အစည်းများ | ၎င်း | | | ၂၂၆၉၀၆.၃၀၀ | | ၁၈.၈၈၈ | | | | | |
| ၉ | ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့ အစည်းများ | ၎င်း | | | ၆၄၅၁၆၀.၆၆၅ | | | | | | | |
| ၁၀ | အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့ အစည်းများ | ၎င်း | | | ၁၅၃၅၈၀.၀၀၀ | | | | | | | |
| ၁၁ | အလုပ်သမားဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့ အစည်းများ | ၎င်း | | | ၅၄၀၆.၀၀၀ | | | | | | | |
| ၁၂ | ပို့ဆောင်ရေးဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့ အစည်းများ | ၎င်း | | | ၇၈၈၃၂.၇၂၀ | | | | | | | |
| ၁၃ | ဆက်သွယ်ရေး၊စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့ အစည်းများ | ၎င်း | | | ၉၁၄၀၀၀.၀၀၀ | | | | | | | |
| ၁၄ | စွမ်းအင်ဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့ အစည်းများ | ၎င်း | | | ၂၆၃၉၇၀၅.၅၈၀ | | | | | ၅၁၈၇၂၂.၃၉၄ | | |

## နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့ အစည်းများ

ဇယား(၅)။ ။အဆုံး
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | | | | | ကြေးမြီ | | | |
| | | | အခွန်အကောက် | နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများမှရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ပအကူအညီ ရငွေ | ထုတ်ချေးငွေ အတွက်ပြန်ရငွေ | ချေးယူရငွေ | အဖွဲ့ အစည်းများတွင် ရင်းနှီးငွေမှရငွေ | စုဆောင်းငွေမှ ရငွေ |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၁၅ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့ အစည်းများ | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | | | ၂၈၇၃၅၇.၄၈၀ | | | | | | | |
| ၁၆ | အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့ အစည်းများ | ၄င်း | | | ၈၀၁၄၅၃.၁၄၆ | | | | | ၁၃၀၃၈.၄၀၀ | | |
| ၁၇ | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့ အစည်းများ | ၄င်း | | | ၆၉၁.၇၉၃ | | ၇၂၀၁.၇၁၀ | | | | | |
| ၁၈ | ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့ အစည်းများ | ၄င်း | | | ၄၁၈၀.၂၄၀ | | ၄၇၄၄.၁၅၀ | | | | | |
| | ပေါင်း | | | | ၆၅၀၂၃၈၈.၄၇၉ | | ၂၂၃၉၅.၇၄၈ | | | ၆၄၉၃၅၈.၂၆၂ | | |

## နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ

ဇယား (၆)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုဆောင်းငွေ |
| | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| ၁ | မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန လက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | | | | | | | | |
| ၂ | မြန်ကြားရေးဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | ၄င်း | ၁၂၈၄၇.၄၈၅ | | | ၂၉၇၃.၁၇၉ | | | | |
| ၃ | လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ | ၄င်း | ၄၁၅၉၄.၇၆၀ | | | | | | | |
| ၄ | သမဝါယမဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | ၄င်း | ၂၆၉.၀၃၉ | | | ၁.၇၀၀ | | | | |
| ၅ | မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန လက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ | ၄င်း | ၁၂၀၄၂.၃၀၁ | | | | | ၂၃၄၅.၄၃၄ | | |
| ၆ | စက်မှုဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | ၄င်း | ၁၃၇၂၀၄.၈၈၈ | | | ၁၆၁၂၃၅.၂၆၄ | | ၇၇၇၈.၄၉၁ | | |
| ၇ | ရထားပို့ဆောင်ရေးဝန်ကြီးဌာန လက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ | ၄င်း | ၆၈၆၃၈.၈၅၆ | | | ၂၂၆၇၆၂.၇၈၁ | | ၁၉၉၁၇.၉၄၅ | | |
| ၈ | သတ္တုတွင်းဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | ၄င်း | ၁၅၈၉၉၀.၄၉၃ | | | ၄၉၀.၆၁၀ | | | | |
| ၉ | ဆောက်လုပ်ရေးဝန်ကြီးဌာန လက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ | ၄င်း | ၉၅၈၇၅.၇၂၅ | | | ၂၃၅၀.၃၇၈ | | ၂၀၁၈.၅၆၀ | | |
| ၁၀ | ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန လက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ | ၄င်း | ၆၁၂၄၆၀.၀၈၈ | | | ၃၆၈၁၁.၀၄၁ | | | | |
| ၁၁ | အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန လက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ | ၄င်း | ၁၁၇၉၀၃.၁၅၃ | | | ၂၁၉၈၁.၈၈၁ | | ၂၁၄၁၅၈.၅၁၆ | | |
| ၁၂ | အလုပ်သမားဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | ၄င်း | ၅၀၃၄.၉၄၀ | | | ၂၇၉.၃၉၈ | | | | |
| ၁၃ | ပို့ဆောင်ရေးဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | ၄င်း | ၄၇၃၄၅.၅၁၀ | | | ၄၃၈၄.၇၁၂ | | ၅၂၈.၆၄၀ | | |
| ၁၄ | ဆက်သွယ်ရေး၊စာတိုက်နှင့်ကြေးနန်း ဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ | ၄င်း | ၄၉၀၃၉၀.၃၀၁ | | | ၃၁၁၆၉.၂၀၇ | | ၁၆၀၆၉.၃၀၉ | | |

## နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ

ဇယား (၆)။ ။အဆုံး

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုဆောင်းငွေ |
| | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| ၁၅ | စွမ်းအင်ဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | ၁၆၄၃၅၅၂.၈၀၂ | | | ၁၂၈၅၇၄.၁၄၂ | | ၃၇၁၄၆.၃၇၉ | | |
| ၁၆ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | ၎င်း | ၂၁၀၈၀၆.၄၆၀ | | | ၆၅၄.၅၁၈ | | ၅၅၇.၅၇၇ | | |
| ၁၇ | အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | ၎င်း | ၂၆၃၃၁၈.၂၃၀ | | | ၃၀၈၆၂၂.၈၄၁ | | ၁၀၉၂၉.၉၀၈ | | |
| ၁၈ | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | ၎င်း | ၇၃၆၄.၆၇၅ | | | | | | | |
| ၁၉ | ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | ၎င်း | ၄၁၅၈.၃၉၆ | | | ၂၄.၄၅၁ | | | | |
| | ပေါင်း | | ၃၉၂၉၇၉၈.၁၀၂ | | | ၉၂၆၃၁၆.၁၀၃ | | ၃၁၁၄၅၀.၇၇၉ | | |

**တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ**

ဇယား(၇)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | ကြေးမြီ | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ပအကူအညီရငွေ | ထုတ်ချေးငွေအတွက်ပြန်ရငွေ | ချေးယူရငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေမှရငွေ | စုဆောင်းငွေမှရငွေ |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၁ | ကာကွယ်ရေးဝန်ကြီးဌာနလက်အောက်ရှိ တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | | | ၃၆၇.၄၉၁ | | | | | | | |
| | ပေါင်း | | | | ၃၆၇.၄၉၁ | | | | | | | |

## တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ

ဇယား(၈)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုဆောင်းငွေ |
| | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| ၁ | ကာကွယ်ရေးဝန်ကြီးဌာနလက်အောက်ရှိ တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | ၅၇၁.၉၆၉ | | | ၉၇.၅၅၀ | | | | |
| | ပေါင်း | | ၅၇၁.၉၆၉ | | | ၉၇.၅၅၀ | | | | |

## နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ဇယား(၉)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ပအကူအညီရငွေ | ကြေးမြီ | | အဖွဲ့အစည်းများတွင်ရင်းနှီးငွေမှရငွေ | စုဆောင်းငွေမှရငွေ |
| | | | | | | | | | ထုတ်ချေးငွေအတွက်ပြန်ရငွေ | ချေးယူရငွေ | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၁ | နေပြည်တော်စည်ပင်သာယာရေးကော်မတီ | နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ သို့မဟုတ် နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌကတာဝန်ပေးသူ | ၃၃၀.၅၃၁ | | ၄၉၁၉.၄၆၉ | | | | | | | |
| | ပေါင်း | | ၃၃၀.၅၃၁ | | ၄၉၁၉.၄၆၉ | | | | | | | |

## နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ဇယား (၁၀)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုဆောင်းငွေ |
| | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| ၁ | နေပြည်တော်စည်ပင်သာယာရေးကော်မတီ | နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ သို့မဟုတ် နေပြည်တော်စည်ပင် သာယာရေးကော်မတီ ဥက္ကဋ္ဌကတာဝန်ပေးသူ | ၃၃၇၅.၂၄၀ | | | ၁၃၁၅.၀၀၀ | | | | |
| | ပေါင်း | | ၃၃၇၅.၂၄၀ | | | ၁၃၁၅.၀၀၀ | | | | |